မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ( ၇ ) ရက်

# MCB နှင့် Tha Bar Wa Project တို့ နားလည်မှုစာချွန်လွှာရေးထိုးခဲ့ခြင်း

၁။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် ရန်ကုန်မြို့၊ UMFCCI ၌ ကျင်းပပြုလုပ်သော MOU Signing Ceremony between Myanmar Banks & Tha Bar Wa Project အခမ်းအနားတွင် MCB ဘဏ်အနေဖြင့်လည်းပါဝင်ပြီး နားလည်မှုစာချွန်လွှာလက်မှတ် ရေးထိုးခဲ့ပါသည်။ "သဘာဝ" စီမံကိန်း (Tha Bar Wa Project) သည် ရေရှည်တည်တံ့မည့် စက်မှုကုန်ထုတ်လုပ်ငန်းစီမံကိန်းများအား ထောက်ပံ့ပေးသည့် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။

၂။ "သဘာဝ" စီမံကိန်းသည် ဥရောပသမဂ္ဂ (EU) မှ ထောက်ပံ့ထားသော SWITCH-ASIS Programme မှတဆင့် ရန်ပုံငွေထောက်ပံ့ထားသော စီမံကိန်း ဖြစ်ပါသည်။ အသေးစားနှဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (SMEs) များ၏ စက်မှုကုန်ထုတ်လုပ်ငန်းစီမံကိန်းများအတွက် ချေးငွေပေးရာတွင် အကျိုးရှိစေရန် Tha Bar Wa Project သည် မြန်မာနိုင်ငံသားများဘဏ် (MCB) အပါအဝင် ပြည်တွင်းဘဏ် (၄) ဘဏ်နှင့် နောက်လာမည့် (၃) နှစ်အတွင်း အတူလက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဘဏ်များနှင့် SME လုပ်ငန်းများအကြား အစိမ်းရောင်ချေးငွေအတွက် ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူအောင် Training များ ပေး၍ ပံ့ပိုးပေးမည့် Project လည်း ဖြစ်ပါသည်။

၃။ MCB ဘဏ်အနေနှင့်လည်း ရေရှည်တည်တံ့သည့် နိုင်ငံဖွံ့ဖြိုးရေးစီမံကိန်းများတွင် World Wide Fund for Nature (WWF)၊ Myanmar Food Processors and Exporters Association (MFPEA)၊ Savings Banks Foundation for International Cooperation (SBFIC)၊ SWITCH-Asia programme နှင့် European Union (EU) စသည့် အဖွဲ့အစည်းများမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် လက်တွဲပါဝင်နိုင်ခဲ့သည့်အတွက် အထူးဂုဏ်ယူမိပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**